## အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ် (၁ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

### အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ဆိုင်းငံ့မိန့် လျှောက်ထားသူများ သိရှိနိုင်ပါရန်

၁။ ဆိုင်းငံ့မိန့် လျှောက်ထားသူများအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၅ (က) နှင့် ၁၆ (ဂ) အရ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ အစိုးရရုံးဖွင့်ရက် ငါးရက်အတွင်း အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်သည့် အာမခံစပေါ်ငွေ ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ)တိတိ သို့မဟုတ် ဆိုင်းငံ့ပစ္စည်း အကောက်ခွန်တန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းအား အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

၂။ သတ်မှတ်ရက်အတွင်း အာမခံစပေါ်ငွေပေးသွင်းခြင်းမရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄ (ဂ) အရ ငြင်းပယ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**